ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၂ /၂၀၂၁)
၂၀၂၁ ခုနှစ်၊ ဇွန်လ (၂၉) ရက်

အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (သတ္တု၊ ကျောက်မျက်၊ ပုလဲ၊ သစ်နှင့် အခြားသယံဇာတများ စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်၊ ရောင်းချခြင်းဆိုင်ရာ) ခွင့်ပြုမိန့်နှင့် စီမံကိန်းများ တရားဝင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာချက်

၁။ အကြမ်းဖက်စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သတ္တု၊ ကျောက်မျက်၊ ပုလဲ၊ သစ်နှင့် အခြားသယံဇာတများအား စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်၊ ရောင်းချခြင်းဖြင့် ၎င်းတို့အတွက် ပြည်တွင်း ပြည်ပဝင်ငွေရရှိရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိနေရပါသည်။ သတ္တုစမ်းသပ်တိုင်းတာရေး ခွင့်ပြုမိန့်များ (Exploration Permits)၊ ကျောက်မျက်/ သတ္တုတူးဖော်ထုတ်လုပ်ရေးခွင့်ပြုမိန့်များ (Gems/ Minerals Mining Permits)နှင့် ကျောက်မျက်ရတနာဆိုင်လိုင်စင်များအား အသစ်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ထို့အပြင် မြေငှားရမ်းခ၊ တွင်းဝခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်အပါအဝင် သတ္တုနှင့် ကျောက်မျက်လုပ်ငန်းဆိုင်ရာ အခွန်အခများအား အတင်းအကြပ်တောင်းခံခြင်း၊ မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲပြပွဲတို့တွင် လေလံတင် ရောင်းချခြင်း၊ One Stop Service (OSS) စနစ်ဖြင့် ကျောက်စိမ်းအချောထည်များ ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ ထုတ်လုပ်ပြီး သစ်လုံးများကို လပ်ပုံထိုင် လေလံတင် ရောင်းချခြင်း၊ သစ်လုံးများအား သယ်ယူပို့ဆောင်ခြင်း၊ သစ်အချောထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းနှင့် နိုင်ငံခြားတင်ပို့ခြင်း အစရှိသည့် လုပ်ငန်းများကိုလည်း ခွင့်ပြုကာ ဝင်ငွေရရှိအောင် စစ်ကောင်စီမှ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ အကြမ်းဖက် စစ်ကောင်စီနှင့် စီးပွားရေးအပါအဝင် မည်သို့သော ကိစ္စရပ်များတွင်မှ ပူးပေါင်းပါဝင် ပတ်သက်ခြင်း မပြုရန် အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မေတ္တာရပ်ခံထားရှိပြီး ဖြစ်သည့်အပြင် စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်နေမှုများရှိပါက သင့်လျော်သည့် ပြစ်ဒဏ်များချမှတ်ကာ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ဤဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက် (၁/၂၀၂၁) ဖြင့် အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ကြေညာချက် (၃/၂၀၂၁) အရ အကြမ်းဖက် စစ်ကောင်စီ၏ လက်အောက်ခံ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) သည် တရားဝင်ခြင်းမရှိသည့်အတွက် ယင်းအဖွဲ့အစည်းက အတည်ပြုသော ရင်းနှီး

မြှုပ်နှံမှုများ၊ စီမံကိန်းများကို အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အသိအမှတ်ပြု လက်ခံမည် မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် အဆိုပါစီမံကိန်းများကို အထောက်အပံ့ပေးသူများနှင့် ပါဝင်ဆောင်ရွက်နေသူများအားလုံးကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည် ဖြစ်ကြောင်းကိုလည်း အဆိုပါကြေညာချက်တွင် ထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

၄။ ယခုအခါ နိုင်ငံသားလုပ်ငန်းရှင်များကိုသာ လုပ်ကိုင်ခွင့်ပြုသည့် ကျောက်မျက်နှင့် ကျောက်စိမ်း တူးဖော်ထုတ်လုပ်သည့် လုပ်ကွက်များ၊ သတ္တုအသေးစားနှင့် အလတ်စားလုပ်ကွက်များ၏ လုပ်ကွက် သက်တမ်းများ ကုန်ဆုံးတော့မည်ဖြစ်သဖြင့် စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက လုပ်ကွက်ခွင့်ပြုမိန့်နှင့် လိုင်စင်များကို အသစ်ပြန်လည် ချထားပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီနှင့် လုပ်ငန်းရှင်များအနေဖြင့် စစ်ကောင်စီမှ အသစ်ချထားပေးမည့် လုပ်ကွက်ခွင့်ပြုမိန့်နှင့် လိုင်စင်များကို လျှောက်ထားခြင်း မပြုလုပ်ကြရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ အကြမ်းဖက် စစ်ကောင်စီထံသို့ ပြည်တွင်းပြည်ပမှ ဝင်ငွေနှင့် အထောက်အပံ့များ ရောက်ရှိခြင်း မရှိစေရေးအတွက် သတ္တု၊ ကျောက်မျက်၊ ပုလဲ၊ သစ်နှင့် အခြားသယံဇာတများ ထုတ်လုပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် အကြမ်းဖက်စစ်ကောင်စီ လက်အောက်ခံ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းဆောင်ရွက် ခြင်း မပြုကြရန် တိုက်တွန်းအပ်ပါသည်။

၆။ အကယ်၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ မေတ္တာရပ်ခံချက်နှင့် ညွှန်ကြားချက်များကို လျစ်လျူရှုပြီး လေးစားလိုက်နာခြင်းမရှိဘဲ စစ်ကောင်စီ လက်အောက်ခံ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များကို အမည်ပျက်စာရင်း (Blacklist) ပြုစု၍ အများပြည်သူသို့ အသိပေးထုတ်ပြန်ခြင်း၊ လိုအပ်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။ စစ်ကောင်စီ၏ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ခွင့်ပြုပေးထား သည့် သတ္တု၊ ကျောက်မျက်၊ ပုလဲ၊ သစ်နှင့် အခြားသယံဇာတများ စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်၊ ရောင်းချခြင်းဆိုင်ရာ ခွင့်ပြုမိန့်နှင့် လိုင်စင်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် အာမခံချက်ပေးမည် မဟုတ်ကြောင်း ထပ်မံ သတိပေးအပ်ပါသည်။ ထို့အပြင် ခွင့်ပြုမိန့်နှင့် လိုင်စင်များ ချထားခွင့်ပြုပေးသည့် လုပ်ငန်းစဉ်များတွင် ဦးစီးဆောင်ရွက်သူနှင့် ပါဝင်ဆောင်ရွက်သူ ဝန်ထမ်းများကိုလည်း မှတ်တမ်းတင်ထားရှိပြီး ထိုက်သင့် သည့်အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတိပေး ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ